# သင်ခန်းစာ-၃၁

## ၁။ ဝေါဟာရများ

| | | |
|---|---|---|
| つづけますⅡ | 続けます | ဆက်လုပ်သည် |
| みつけますⅡ | 見つけます | ရှာသည်၊ရှာဖွေသည်၊ရှာတွေ့သည် |
| とりますⅠ | 取ります | ယူသည် [အနား(ကို)～၊ခွင့်(ကို)～] |
| [やすみを～] | [休みを～] | |
| うけますⅡ | 受けます | ဖြေဆိုသည် [စာမေးပွဲကို～] |
| [しけんを～] | [試験を～] | |
| もうしこみますⅠ | 申し込みます | လျှောက်ထားသည် |
| きゅうけいしますⅢ | 休憩します | ခဏနားသည် |
| れんきゅう | 連休 | ဆက်တိုက်ပိတ်ရက်၊ပိတ်ရက်ရှည် |
| さくぶん | 作文 | စာစီစာကုံး |
| はっぴょう | 発表 | တင်ပြခြင်း၊စာတမ်းဖတ်ခြင်း၊ထုတ်ပြန်ကြေငြာခြင်း (～します：တင်ပြသည်) |
| てんらんかい | 展覧会 | ပြပွဲ၊အနုပညာပြပွဲ |
| けっこんしき | 結婚式 | မင်္ဂလာပွဲအခမ်းအနား |
| [お]そうしき* | [お]葬式 | နာရေးအခမ်းအနား၊အသုဘအခမ်းအနား |
| しき* | 式 | အခမ်းအနား၊သဘင် |
| ほんしゃ | 本社 | ပင်မရုံး၊ရုံးချုပ် |
| してん | 支店 | ဆိုင်ခွဲ၊ရုံးခွဲ |
| きょうかい | 教会 | ဘုရားရှိခိုးကျောင်း |
| だいがくいん | 大学院 | ဘွဲ့လွန် |
| どうぶつえん | 動物園 | တိရစ္ဆာန်ဥယျာဉ်၊တိရစ္ဆာန်ရုံ |
| おんせん | 温泉 | ရေပူစမ်း |
| かえり | 帰り | အပြန် |
| おこさん | お子さん | (သူတစ်ပါး၏)ကလေး |
| ―ごう | ―号 | နံပါတ် ―၊ အမှတ် ― |
| ～の ほう | ～の 方 | ～(ရဲ့) ဘက် |
| ずっと | | တောက်လျှောက် |
| ※バリ | | ဘာလီကျွန်း (အင်ဒိုနီးရှားရှိကျွန်း) |
| ※ピカソ | | ပီကာဆို (ဘာဘလိုပီကာဆို၊စပိန်လူမျိုးပန်းချီပညာရှင် (၁၈၈၁-၁၉၇၃) |
| ※のぞみ | | နော်ဇိုးမိ (ကျည်ဆန်ရထားအမည်) (～42号：နော်ဇိုးမိ အမှတ်-၄၂) |
| ※新神戸 | | ရှင်းခိုးဘဲ (ဟရောဂေါ့ခရိုင်ရှိဘူတာအမည်) |

**〈会話〉**

| | |
|---|---|
| 残りますⅠ | ကျန်သည်၊ကျန်ရစ်သည်၊ကြွင်းကျန်သည် |
| 入学試験 | ကျောင်းဝင်ခွင့်စာမေးပွဲ |
| 月に | တစ်လမှာ၊တစ်လကို |

**〈読み物〉**

| | |
|---|---|
| 村 | ရွာ၊ကျေးလက်တောရွာ |
| 卒業しますⅢ | ဘွဲ့ရသည်၊ကျောင်းပြီးသည်၊သင်တန်းဆင်းသည် |
| 映画館 | ရုပ်ရှင်ရုံ |
| 嫌[な] | မနှစ်မြို့သော၊မကြိုက်သော၊မကြည်ဖြူသော |
| 空 | မိုးကောင်းကင် |
| 閉じますⅡ | ပိတ်သည်၊မှိတ်သည် |
| 都会 | မြို့၊မြို့ပြ |
| 子どもたち | ကလေးတွေ၊ကလေးများ |
| 自由に | လွတ်လပ်စွာ၊လွတ်လွတ်လပ်လပ် |

## ၄။ သဒ္ဒါရှင်းလင်းချက်

### ၁. စိတ်ဆန္ဒပြပုံစံ

ますပုံစံမှ စိတ်ဆန္ဒပြပုံစံ ကိုပြုလုပ်သည့်နည်းမှာ အောက်ပါအတိုင်းဖြစ်သည်။ (ပင်မဖတ်စာအုပ်၏သင်ခန်းစာ-၃၁မှ လေ့ကျင့်ခန်းA1ကိုမှီငြမ်းရန်)

ကြိယာအုပ်စု-၁: ますပုံစံ၏ နောက်ဆုံးအသံဖြစ်သည့် いလိုင်းမှအသံကို おလိုင်းသံသို့ပြောင်း၍ う ကိုတွဲရသည်။

かき－ます → かこ－う　　いそぎ－ます → いそご－う

よみ－ます → よも－う　　あそび－ます → あそぼ－う

ကြိယာအုပ်စု-၂: ますပုံစံတွင် よう ကိုတွဲရသည်။

たべ－ます → たべ－よう　　み－ます → み－よう

ကြိယာအုပ်စု-၃:

し－ます → し－よう　　き－ます → こ－よう

### ၂. စိတ်ဆန္ဒပြပုံစံ၏အသုံးပြုပုံ

၁) ～ましょう၏ရိုးရိုးပုံစံအဖြစ် ရိုးရိုးပုံစံဝါကျတွင် အသုံးပြုသည်။

① ちょっと 休まない？　　ခဏ နားကြမလား။

……うん、休もう。　　......အင်း၊ နားရအောင်။

② 手伝おうか。　　ကူညီပေးရမလား။

③ 傘を 持って 行こうか。　　ထီးယူသွားကြမလား။

[မှတ်ချက်] ရိုးရိုးပုံစံအမေးဝါကျတွင် ယေဘုယျအားဖြင့် ဝါကျအဆုံး၌ဝိဘတ် か ကိုတွဲ၍ မသုံးသော်လည်း၊ ②③ ကဲ့သို့ ～ましょうか၏ရိုးရိုးပုံစံအမေးဝါကျမျိုးတွင်မူ ဝါကျအဆုံးသတ်ဝိဘတ် か လိုအပ်သည်ကို သတိပြုရမည်။

၂) V-စိတ်ဆန္ဒပြပုံစံと 思って います

ဤဝါကျပုံစံကို ပြောသူ၏စိတ်ဆန္ဒကို တစ်ဖက်လူသိစေရန် ဖော်ပြရာတွင် အသုံးပြုသည်။ V-စိတ်ဆန္ဒပြပုံစံと おもいますကိုလည်း တူညီသောအဓိပ္ပာယ်ဖြင့်(ပြောသူ၏စိတ်ဆန္ဒကို တစ်ဖက်လူသိစေရန် ဖော်ပြရာတွင်) အသုံးပြုနိုင်သော်လည်း V-စိတ်ဆန္ဒပြပုံစံと おもって いますမှာမူ စိတ်ဆန္ဒကို လက်ရှိအချိန်အထိ အချိန်အတိုင်းအတာတစ်ခုတိုင် ဆက်လက် ထိန်းသိမ်းထားခြင်းကို ဖော်ပြသည်။

④ 週末は 海へ 行こうと 思って います。

စနေ၊တနင်္ဂနွေပိတ်ရက်မှာ ပင်လယ်(ကမ်းခြေ)ကို သွားမယ်လို့ စိတ်ကူးထားပါတယ်။

⑤ 今から 銀行へ 行こうと 思います。　　အခု ဘဏ်ကို သွားမလို့။

[မှတ်ချက်] V-စိတ်ဆန္ဒပြပုံစံと おもいます သည် ပြောသူ၏စိတ်ဆန္ဒကိုသာ ဖော်ပြနိုင်သော်လည်း၊ V-စိတ်ဆန္ဒပြပုံစံと おもって います သည် တတိယလူ၏စိတ်ဆန္ဒကိုပါ ဖော်ပြနိုင်သည်။

⑥ 彼は 学校を 作ろうと 思って います。　　သူ[က] ကျောင်း[ကို]ဖွင့်ဖို့ စိတ်ကူးနေတယ်။

### ၃. V-အဘိဓာန်ပုံစံ / Vない-ပုံစံない } つもりです

V-အဘိဓာန်ပုံစံつもりです သည် စိတ်ဆန္ဒကို ဖော်ပြသည်။ အငြင်းပုံစံတွင် သာမာန်အားဖြင့် Vない-ပုံစံဖြစ်သော ない つもりですကို အသုံးပြုသည်။

⑦ 国へ 帰っても、日本語の 勉強を 続ける つもりです。

နိုင်ငံကို ပြန်လည်း ဂျပန်စာကို ဆက်လေ့လာဖို့ ရည်ရွယ်ထားပါတယ်။



⑧ あしたからは たばこを 吸わない つもりです。

မနက်ဖြန်ကစပြီး ဆေးလိပ်[ကို] မသောက်ဖို့ ရည်ရွယ်ထားပါတယ်။

[မှတ်ချက်] V-စိတ်ဆန္ဒပြပုံစံと おもって います နှင့် V-အဘိဓာန်ပုံစံつもりです၏အဓိပ္ပာယ်သည် အထူးကွာခြားမှုမရှိသော်လည်း၊ တိကျသေချာသည့်စိတ်ဆန္ဒနှင့်၊ ခိုင်မာသည့်စိတ်ဆန္ဒတို့ကို ဖော်ပြရာတွင် V-အဘိဓာန်ပုံစံつもりですကို အသုံးများသည်။

### ၄. V-အဘိဓာန်ပုံစံ / Nの } 予定です

အစီအစဉ်ကို ဖော်ပြသည့် ပြောနည်းဖြစ်သည်။

⑨ 7月の 終わりに ドイツへ 出張する 予定です。

ဇူလိုင်လအကုန်မှာ ဂျာမနီကို တာဝန်နဲ့ခရီးထွက်ဖို့ အစီအစဉ်ရှိပါတယ်။

⑩ 旅行は 1週間ぐらいの 予定です。

အစီအစဉ်အရ ခရီးက တစ်ပတ်လောက် ကြာပါမယ်။

### ၅. まだ Vて-ပုံစံ いません

ဤအသုံးအနှုန်းသည် စကားပြောဖြစ်ပေါ်သည့်အချိန်၌ အကြောင်းအရပ်များ ဖြစ်ပေါ်မနေကြောင်းနှင့် အပြုအမူများ ပြီးမြောက်မှုရှိမနေကြောင်းကို ဖော်ပြသည်။

⑪ 銀行は まだ 開いて いません。　　ဘဏ်က မဖွင့်သေးပါဘူး။

⑫ レポートは もう 書きましたか。　　အစီရင်ခံစာ(/ရီပို့)ကို ရေးပြီးပြီလား။

……いいえ、まだ 書いて いません。　　......ဟင့်အင်း၊ မရေးရသေးပါဘူး။

### ၆. 帰ります － 帰り

⑬⑭ကဲ့သို့ ますပုံစံနှင့်တူညီသည့်ပုံစံကို နာမ်အနေဖြင့် အသုံးပြုသည့်အခါမျိုးရှိသည်။

⑬ 帰りの 新幹線は どこから 乗りますか。

အပြန်ကျည်ဆန်ရထားကို ဘယ်ကနေ စီးမလဲ။

⑭ 休みは 何曜日ですか。　　ပိတ်ရက်က ဘယ်နေ့လဲ။ (သင်ခန်းစာ-၄)

遊びます － 遊び　　答えます － 答え

申し込みます － 申し込み　　楽しみます (မွေ့လျော်သည်) － 楽しみ